Shwe Gas Movement

အောက်တိုဘာ၊၆၊၂၀၁၁

# ဧရာဝတီမြစ် ရေကာတာကို ရပ်တန့်ပါက နောက်တဆင့်အနေဖြင့် ရွှေသဘာဝ ဓါတ်ငွေ့ စီမံကိန်းကိုလည်း ရပ်ဆိုင်းသင့်

တရုတ်နိုင်ငံက တည်ဆောက်လျှက်ရှိသော ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံရေကာတာ စီမံကိန်းကို ပြည်သူလူထု၏ ဆန္ဒ၊ သဘောထားကို လေးစားလိုက်နာသည့် အနေဖြင့် ရပ်တန့်ထားမည်ဟု မြန်မာ သမ္မတကြီးက သောကြာနေ့တွင် ကြေငြာသည်။ ဤကြေငြာချက် ထွက်ပေါ်လာပြီး နောက်တွင် ရွှေဂက်(စ်)လှုပ်ရှားမှုအဖွဲ့ အနေနှင့်လည်း တရုတ်တို့ တည်ဆောက်နေသည့် နောက်ထပ် စီမံကိန်းကြီး တစ်ခုဖြစ်သော ရွှေဂတ်(စ်)ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်း ရပ်တန့်ရေးကို တောင်းဆိုလိုက်သည်။

ရွှေဂက်(စ်)စီမံကိန်းတွင် ကီလိုမီတာ ၂၈၀၀ ရှည်လျားသည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း သွယ်တန်း တည်ဆောက်ရေးစီမံကိန်း တို့ပါဝင် သည်။ဤပိုက်လိုင်းများမှတဆင့် မြန်မာပြည် အနောက်ဘက် ကမ်းရိုးတန်းရှိ ကမ်းလွန်သဘာဝ ဓါတ်ငွေ့သိုက်များမှ သဘာဝဓါတ်ငွေ့ နှင့် အရှေ့ အလယ်ပိုင်းဒေသမှ တင်သွင်းလာသည့်ရေနံ တို့ကို မြန်မာပြည် အလယ်ပိုင်းကို ဖြတ်သန်းပြီး တရုတ်ပြည် အနောက်တောင် ဒေသကို တင်ပို့မည်ဖြစ်ပါသည်။ပိုက်လိုင်းလမ်းကြောင်း တလျှောက် နေရာအနှံ့ လယ်ယာမြေ သိမ်းပိုက်မှုများကြောင်း မရေတွက်နိုင်သော ပြည်သူများမှာ လယ်မဲ့၊ယာမဲ့နှင့် အလုပ်လက်မဲ့များ ဖြစ်သွားကြရပြီး လူအခွင့်အရေး ချိုးဖေါက်မှုအန္တရာယ်နှင့် မတရား ခေါင်ပုံဖြတ် နှိပ်ကွပ်မှုဒါဏ် တို့ကိုလည်း ရင်ဆိုင်နေကြရသည်။

ကချင်ပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာစစ်တပ်ကြား ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများ ဝိုင်းရံနေသည့် မြစ်ဆုံရေကာတာစီမံကိန်းကဲ့သို့ပင် ရွှေဂက်(စ်) စီမံကိန်းကိုလည်း အဆိုပါပဋိပက္ခ ဖြစ်ပွားရာဒေသများကို ဖြတ်သန်းပြီး တည်ဆောက် နေခြင်း ဖြစ်သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် မြောက်ပိုင်းရှိ သဘာဝသယံဇာတ ပေါများကြွယ်ဝသော ဒေသများမှ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကို ဖယ်ရှား၊ ရှင်းလင်းရန် အတွက် မြန်မာစစ်တပ်သည် ၂၀၁၁ခုနှစ်၊မတ်လ ကတည်းပင် ထိုးစစ်ကြီးများကို ဆင်နွှဲလာခဲ့သည်။ တိုက်ပွဲများကြောင့် ခန့်မှန်းခြေ ဒေသခံပြည်သူ (၅၀၀၀၀) ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရသည်။

"ပြည်သူတွေက ဒီမြစ်ဆုံစီမံကိန်းကို ဘာကြောင့် ဆန့်ကျင်ကြလဲဆိုတော့ သူတို့ရဲ့ သဘာဝ သယံဇာတတွေဟာ ဆိုးဂါးနေတဲ့ ပြဿနာများအကြားထဲက စစ်အုပ်စုနဲ့ ကုမ္ပဏီများ ကောင်းကျိုး အတွက်သာ ဖြစ်တယ်။ ဒေသခံ ပြည်သူတွေမှာတော့ ဆုံးရှုံးနစ်နာသွားကြတာပဲ ရှိတယ်။ ရွှေဂတ်(စ်) စီမံကိန်းကိုလည်း ဧရာဝတီ ရေကာတာကဲ့သို့ ရပ်ကိုရပ်တန့်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရွှေဂတ်စ် စီမံကိန်းကြောင့် လူမှုစီးပွားရေးတွေ အများကြီး

ပျက်စီးဆုံးရှုံးသွားမယ့် အခြေအနေ ဆိုက်ရောက် နေတယ်” ဟူ၍ ရွှေဂတ်စ်လှုပ်ရှားမှု အဖွဲ့မှ ကိုဝင်းအောင်က ပြောသည်။

မြန်မာပြည် အနောက် ဘက်ကမ်းလွန်ရှိ ရွှေဓါတ်ငွေ့သိုက်များမှ သဘာဓါတ်ငွေ့ကို နိုင်ငံခြားကို တင်ပို့ ရောင်းချလိုက်ခြင်းသည် ပြည်တွင်း၌ စွမ်းအင်နှင့်လောင်စာ ပြတ်လပ်မှုမှာ နာလံမထူနိုင် လောက်အောင် ပိုမိုဆိုးရွားသွားစေလိမ့်မည်။ ဤသဘာဝဓါတ်ငွေ့ ရောင်းချခြင်းမှ မြန်မာအစိုးရသည် ခန့်မှန်းခြေပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံခန့်ကို ရရှိသွားမည် ဖြစ်သော်လည်း ထိုဘဏ္ဍာ ငွေကြေးများကို လူမှုဖွံ့ဖြိုး တိုးတက်ရေးအတွက် အသုံးပြုလိမ့်မည် မဟုတ်ချေ။ အဆိုပါ ငွေကြေးများ ကိုလည်း နိုင်ငံ၏ ရသုံးမှန်းခြေ ငွေစာရင်းထဲက ချန်လှပ်ထားမည်ဖြစ်ပြီး လက်တဆုပ်စာ အစိုးရ အသိုင်းအဝန်းနှင့် ရင်နီးမြုပ်နှံသူများ၏ အကျိုးစီးပွားအတွက်သာဖြစ်ပေလိမ့်မည်။

ရွှေဂတ်(စ်) စီမံကိန်းတွင် ပါဝင်နေသည့်အဓိက ကုမ္ပဏီကြီးများဖြစ်သည့် တောင်ကိုးရီးယားနိုင်ငံမှ ဒေဝူးအင်တာနယ်ရှင်နယ်နှင့် တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း ကုမ္ပဏီတို့မှာ နာမည်ဆိုးဖြင့် ကျော်ကြားသော ကုမ္ပဏီများ ဖြစ်ကြသည်။ ဒေဝူးအင်တာနယ်ရှင်နယ် ကုမ္ပဏီသည် မြန်မာ စစ်အစိုးရနှင့် လက်နက်ရောင်းဝယ် ဖေါက်ကားမှုများရှိသည်ဟု တရားစွဲဆိုချက်များနှင့် အမှုရင်ဆိုင်ခဲ့ရပြီး၊ တရုတ်အမျိုးသား ရေနံကုမ္ပဏီမှာလည်း ယခင်က ဆူဒန်နိုင်ငံ၊ ဒါဖေါဒေသ လူမျိုးတုန်း သတ်ပွဲကာလက ဆူဒန်အစိုးရကို အထောက်အကူ ပြုခဲ့လေသည်။

ဆက်သွယ်ရန်

ဝင်းအောင် +၆၆ (၀) ၈၅၇၀ ၃၃၃ ၄၄ (သို့) wongaung@gmail.com (မြန်မာ၊ အင်္ဂလိပ်)

ဖြိုးဖြိုး +၆၆ (၀) ၈၅၃၂ ၈၃၉ ၄၇ (သို့) phyophyo@shwe.org (မြန်မာ)

ဂျက်စမင်း + ၆၆ (၀) ၈၁၄၄ ၄၇၂ ၂၆ (သို့) jasmine@shwe.org (မြန်မာ၊ ရှမ်း)

ရွှေဂတ်(စ်) လှုပ်ရှားမှုမှ မကြာသေးမီက ထုတ်ဝေခဲ့သည့် “အကုန်ရောင်းတဲ့ မူဂါဒ” အစီရင်ခံစာကို ဖတ်ရှုလိုပါက www.shwe.org တွင် သွားရောက် ဖတ်ရှုနိုင်ပါသည်။